ကြံသာကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၉–၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြံသာကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၉ခုနှစ်၊ ဇွန်လ

မာတိကာ

စာမျက်နှာ

စကားချီး ၁

ကြံသာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၂

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၂-၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၃-၄

(က) လူဦးရေဆိုင်အရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၄-၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်မွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၇-၈

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ ၈

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၉

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကြံသာကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေအနေ(ဖွံ့ဖြိုးရေးကွင်းဆက်)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်း

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂ မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ များပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေး ဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ် ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

သြဂုတ်လ၊ ၂၀၁၈ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြံသာကျေးရွာ
ကလေးမြို့နယ်

ကုံသာကျေးရွာပြမြေပုံ

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးရှိကျေးရွာများဖွံ့ဖြိုး တိုးတက် ရန်အတွက် ရေးဆွဲထားသည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူ/သားများကိုယ်တိုင် ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက်သိရှိလာရသည်မှာ ကြိုတင်စီမံကိန်း၏ အရေးပါမှု၊ ပြင်ဆင်မှု၊ ကိန်းဂဏန်းဆိုင်ရာ သတင်းအချက်အလက်များ၏ အရေးပါမှု၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပညာရှင်များနှင့် ပေါင်းစပ်ဆွေးနွေးနည်းပညာခံယူမှုများကို ရရှိရန် လိုအပ်မှုတို့သည် အဓိကလိုအပ် ကြောင်း သိရှိလာရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများအဟန့်အတားဖြစ်စေသောအချက်များကိုလည်း စုစည်းတင်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ ကိုလည်းဇယားဆွဲ၍ ပူးတွဲပါတင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာများ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့လည်း အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကျေးရွာသူ/သားများ၏ လိုအပ်ချက်များကို သိရှိစေရန် မျှော်လင့်မိပါသည်။

၂။ ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာအသွင်အပြင်

ကြံသာကျေးရွာသည် တင်သားအုပ်စုတွင် ပါဝင်ပြီး ဂန့်ဂေါမြို့နှင့်ကလေးမြို့သို့ဆက်သွယ်သော ကားလမ်း မကြီး၏ လမ်းမကြီးပေါ်တွင်တည်ရှိသော ကျေးရွာ(၁)ရွာဖြစ်သည်။ ကလေးမြို့ ကဘောချိုင့်ဝှမ်းလွင်ပြင်ဒေသ ဖြစ်ပြီး ကုန်းကမူပေါများသော ဒေသကြီးတစ်ခုဖြစ်ပါသည်။ ချင်းပြည်နယ်နှင့်

ထိစပ်လျက်ရှိပြီး မြေနေရာကျယ် ပြန့်သောဒေသဖြစ်သည်။ ကလေးမြို့နှင့် ကြံသာကျေးရွာသည် (၃၅)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာသည် မြေပြန့် ဒေသတစ်ခုဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

သဘာဝအရင်းအမြစ်နှင့်ပတ်သက်၍ တောတောင်ထူထပ်သောဒေသဖြစ်သည်။ လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ သို့သော် စပါးအထွက်နှုန်းကောင်းအောင် ပုလဲခါတ်မြေဩဇာ၊ ကွန်ပေါင်းခါတ်မြေဩဇာများဖြင့် ပြုပြင်စိုက်ပျိုးကြသည်။ ကျေးရွာတွင် သယံဇာတမထွက်ရှိသော်လည်း သစ်နှင့်ဝါးအနည်းငယ်ကို ရရှိနိုင်ပါသည်။ သစ်တောပြုန်းတီးမှု၊ မိုးခေါင်မှုများ တစ်ခါတစ်ရံကြုံတွေ့ရသည်။ စပါး၊ ပဲ၊ နှမ်း၊ နေကြာတို့ကို အဓိကစိုက်ပျိုးကြသည်။ ယာခင်းများတွင် မိုးရာသီ၌ ပဲကိုအဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ပျိုးသူများလည်းရှိသည်။ လယ်ဧကများကို ရေသွင်းမြောင်းနှင့် မိုးရေဖြင့် စိုက်ပျိုးနိုင်သည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကြံသာကျေးရွာ၊ အိမ်ထောင်စုပေါင်း (၂၇၂)၊ လူဦးရေပေါင်း (၁၂၆၅) ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော စုစုပေါင်း လူဦးရေသည် (၆၅%)ခန့်ရှိပါသည်။ (၃၅%)ခန့်သည်မှီခိုသူများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ၊ ဝင်ငွေပိုင်ဆိုင်မှု

ကျေးရွာအခြေအနေကို ရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ရာတွင် ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၂၇၂)စု၏ (၅၀%)ခန့်သည် အလွန်ဆင်းရဲသည်ဟု ခံယူကြပြီး (၃၀%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ ကျေးရွာ၏ (၂၀%)သည် ချောင်လည်မှုရှိသည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသူများသည် မြေဧက (၅)ဧကခန့် ပိုင်ဆိုင်သူများဖြစ်သည်။အလွန်ဆင်းရဲသည်ဟု သတ်မှတ်သူများသည်မြေယာများနှင့် ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေလယ်ဧက (၂၀)ခန့် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေး သုံးစက်ကိရိယာပိုင်ဆိုင်သူများဖြစ်သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စိုက်ပျိုးရေးအဓိကဆောင်ရွက်သည့်ကျေးရွာဖြစ်သည့်အတွက် ဆင်းရဲချမ်းသာ မညီမျှမှုအချက်အလက်ကို ဖော်ပြနေပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မှာ (၁၃၅)ဦးရှိသော်လည်း အဆိုပါအိမ်ထောင်စုများတွင် အခြားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ ချောင်လည်စွာရပ်တည်နိုင်သူအနည်းငယ်ပါဝင်သည်။ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေး၊

လက်သမားလုပ်ငန်း၊ ပန်းဘဲလုပ်ငန်း၊ ခေါင်းရွက်၊ ဗျတ်ထိုးလုပ်ငန်းများ၊ဆီကြိတ်စက်၊ ဆန်ကြိတ်စက်လုပ်ငန်းတို့တွင် လုပ်ကိုင်ကြသည်။ ဆွေမျိုးမိတ်ဆွေများ၏ အထောက်အပံ့များဖြင့်လည်းကောင်း၊ အသင်းတော်မှထောက်ပံ့ပေးခြင်းဖြင့်လည်းကောင်း စီးပွားရေးလုပ်ကိုင်ရပ်တည်သူများလည်း ရှိသည်။ မြေယာဆင်းရဲသားအိမ်ထောင်စုများသည် ပုံမှန်ကာလများတွင် ဝင်ငွေထိခိုက်မှုမရှိသော်လည်း သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ရခြင်း၊ ကျန်းမာရေးပြဿနာများနှင့်ကြုံတွေ့ရသောအခါ အခက်အခဲများဖြစ်လာနိုင်ပါသည်။ ကျန်းမာရေးပညာပေးဟောပြောပွဲများရံဖန်ရံခါ ပြုလုပ်တတ်ပြီး ကျန်းမာရေးအသိအနည်းငယ်ရှိသောကြောင့် ကူးစက်ရောဂါများကြောင့် ထိခိုက်နိုင်မှု နည်းပါသည်။

(ယ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်မွန်ကြပြီး ရာသီအကူးပြောင်းများတွင် ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးများသာ အဖြစ်များပါသည်။အခြားဖြစ်တတ်သောရောဂါများမှာ ငှက်ဖျား၊ အသည်းရောင် အသားဝါနှင့် တီဘီတို့ဖြစ်ပါသည်။ အဟာရနှင့်ပတ်သက်၍ ပဲ၊ ဟင်းသီးဟင်းရွက်နှင့် အသားတို့အား မျှတစွာ စားသောက်လျှက်ရှိသည့်အတွက် ကျေးရွာသူ/သားများသည် ယေဘုယျအားဖြင့် အာဟာရ ပြည့်ဝကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

သက်ကြီးပိုင်းအနည်းငယ်မှလွဲ၍ လူတိုင်းနီးပါး အရေး၊အဖတ်၊အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ဘာသာရေးဘုန်းကြီးစာတတ်မြောက်သူများလည်း ရှိပါသည်။ မူလတန်းကျောင်းနေရွယ်ကလေးများသည် ရာခိုင်နှုန်းပြည့်တက်ရောက်သင်ကြားလျှက်ရှိပါသည်။ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ဆံပင်ညှပ်စသော ကျေးရွာအတွင်း အသက်မွေးဝမ်းကျောင်းများတွင် လုပ်ကိုင်နေသောကျွမ်းကျင်အလုပ်သမားများရှိပါသည်။

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ကျား/မဆိုင်ရာဆက်နွယ်မှုများသည် များစွာကွာဟမှု မရှိပါ။ လူဦးရေဆိုင်ရာအချက်အလက်မရ အလုပ်လုပ်နိုင်သောလူဦးရေတွင်လည်း အမျိုးသမီး၊အမျိုးသားများ ပါဝင်မှုသည် ကွာဟမှုနည်းပါးပါသည်။ သို့သော် ကျေးရွာ စီမံခန့်ခွဲမှုကဏ္ဍများတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသည် ဗမာလူမျိုးနှင့် ချင်းတိုင်းရင်းသားများအတူတကွနေထိုင်သည့် ကျေးရွာဖြစ်ပြီး သင်းအုပ်ဆရာများမှလည်း အမျိုးသားများသာဖြစ်ပါသည်။ အမျိုးသမီးများသည် ဌာနဆိုင်များနှင့်ချိတ်ဆက်ခြင်း ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောဆိုနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား/မအရေအတွက်မှာ အလွန်ကွာခြားမှု မရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေကြေးများမှာ အမျိုးသားများက ပိုမိုရရှိသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်းအမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ ကျား/မ

တန်းတူညီမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်း ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှု တို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်းရှိ အဖွဲ့များမှာ ရပ်ရေးရွာရေးကိစ္စရပ်များတွင် စိတ်ပါဝင်စားစွာလုပ်ကိုင်ကြသော်လည်း အချိန်ပေးနိုင်မှုအားနည်းခြင်း၊ ချိတ်ဆက်လုပ်ကိုင်နိုင်မှုအားနည်းခြင်း၊ နားလည်တတ်ကျွမ်းမှုအားနည်းခြင်းများရှိကြသည်။ သို့သော် အားလပ်သောအချိန်များတွင် ရပ်မိရပ်ဖအဖွဲ့များမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရောလုပ်ဆောင်ကြသည်။ ကျေးရွာအတွင်းအဖွဲ့အစည်းအသီးသီးရှိကြပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုလုပ်ဆောင်မှု မရှိဘဲ အဖွဲ့အစည်းအလိုက် မိမိတို့အဖွဲ့သဘောအတိုင်းသာ ဆောင်ရွက်လုပ်ကိုင်ကြသည်။ ထို့ကြောင့် ကောင်းမွန်သောစီမံခန့်ခွဲမှု စနစ်များ အသိပညာပေးလုပ်ဆောင်နိုင်ပါက အဖွဲ့များပူးပေါင်းဆောင်ရွက်မှုအားကောင်းလာနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လွန်စွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

(ခ) သီးနှံ/သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျွန်ုပ်တို့ကျေးရွာတွင် စပါးနှင့်ပဲ၊ နှမ်း၊ နေကြာတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီတွင် လယ်စပါး အဓိကစိုက်ပျိုးပြီးနောက်ယာမြေအချို့နှင့် လယ်မြေများတွင် ဆောင်းသီးနှံအဖြစ် ပဲ၊ နှမ်းများ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးအတွက် ချောင်းရေနှင့် မိုးရေကို အဓိကအသုံးပြုအားကိုးကြပါသည်။ ချောင်းနှင့်နီးရာမှာရှိသော စိုက်ကွင်းအချို့အတွင် ချောင်းရေကိုမိုးရာသီအတွင်း လုံလောက်စွာ အသုံးပြုနိုင်ပြီး အများစုမှာ မိုးရေကို အဓိကအားကိုးကြပါသည်။ လယ်သမားတောင်သူအချို့မှာ စားဝတ်နေရေးချောင်လည်မှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် တောင်သူအိမ်ထောင်စုအများစုမှာ ချေးငွေဖြင့် စိုက်ပျိုးကြရပြီး ချေးငွေပြန်ဆပ်ရသဖြင့် မိသားစုစားဝတ်နေရေးအခက်အခဲရှိပါသည်။ စိုက်ပျိုးရေးနည်းပညာနှင့်ပတ်သက်၍ စိုက်ပျိုးရေးဌာနမှသော်လည်းကောင်း၊ ပုဂ္ဂလိက ကုမ္ပဏီများမှသော်လည်းကောင်း တစ်ခါတစ်ရံ လာရောက်ဟောပြောမှုများရှိပါသည်။ထင်းအပြင် နွားနှင့် လှည်းတို့အား အဆင်ပြေသောအိမ်ထောင်စုများမှ ပိုင်ဆိုင်မှုပိုများကြောင်း သိရှိရပါသည်။

ဝက်မွေးမြူရေးတွင် အိမ်တိုင်းတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။ နွေရာသီတွင် ကြက်လည်လိမ်ရောဂါများကျရောက်တတ်ပြီး သေဆုံးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုများကို မြို့နယ်မွေး/ကုဋ္ဌီးစီးဌာနမှရရှိနိုင်သော်လည်း ဝန်ထမ်းအိမ်ရာ မလုံလောက်မှုကြောင့် အလွယ်တကူမရရှိနိုင်ပါ။ မွေးမြူရေးကို အဓိကစီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စုများမတွေ့ရသဲ့ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများသာ တွေ့ရှိရပါသည်။ ဈေးကွက်ချိတ်ဆက်မှုမှာ ကျေးရွာနှင့် (၁၅)မိုင်ခန့်ကွာဝေးသော နတ်ချောင်းကျေးရွာကျေးလက်ဆေးနှင့်သာ ချိတ်ဆက်ဆောင်ရွက်ရန် အဆင်ပြေပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကြံသာကျေးရွာသည် စိုက်ပျိုးရေးကိုသာအဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်ပြီး အခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ကုန်စုံဆိုင်၊ ဆိုင်ကယ်ဝပ်လျော်၊ စက်ချုပ် စျေးရောင်းသူများနှင့် ပညာရေးဝန်ထမ်းအနည်းစုရှိပါသည်။ ပညာရေးဝန်ထမ်းအနည်းစုမှလွဲ၍ ကျန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများမှာ ပုံမှန်ဝင်ငွေမရရှိဘဲ တစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင်သူအနည်းစုလည်း ရှိပါသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ဓါတ်မြေဩဇာအသုံးပြုမှု အနည်းငယ်ရှိပြီး သီးညှပ်စိုက်ပျိုးခြင်းကြောင့် ပုံမှန်အားဖြင့် မြေဆီလွှာကောင်းမွန်ပါသည်။ သစ်တောများပြုန်းတီးမှုရှိပြီး တိရိစ္ဆာန်မျိုးစိတ်များ မျိုးသုန်းလာကြောင်း တွေ့ရှိရပါသည်။ သီးနှံပိုးမွှားရောဂါနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ အလွန်နိမ့်ပါးပြီး ထိရောက်သောကာကွယ်မှုမပြုလုပ်နိုင်ခြင်းများလည်းရှိပါသည်။ ကျေးရွာတွင် ဆိုးရွားသည့်ကြီးမားသော သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြုံတွေ့ဖူးခြင်းမရှိသော်လည်း ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို အပူချိန်မြင့်မားလာခြင်းဖြင့် သတိပြုခံစားရပြီဖြစ်သည်။ မိုးဦးနောက်ကျခြင်းများကြုံတွေ့ရပြီး မိုးစပါးစိုက်ပျိုးရန် အခက်အခဲများလည်း ရံဖန်ရံခါ ကြုံတွေ့ရတတ်ပါသည်။ သစ်တောထိန်းသိမ်းမှုများ ပြုလုပ်လာပြီး လက်ရှိတွင် သစ်တောများလည်း အနည်းငယ်သာကျန်ရှိတော့သည်ဖြစ်ပါသည်။

(c) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျွန်ုပ်တို့ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်း၊ အများဆုံး (၁၀)ဧက ထိ ထုတ်ယူနိုင်သည့်ချေးငွေကို ချေးယူရရှိပါသည်။ တစ်လအတိုးနှုန်းမှာ ပြား(၇၀)အတိုးဖြစ်ပါသည်။ အခြားငွေကြေးဝန်ဆောင်မှုများမှာ ကျေးရွာ၏ ပရဟိတအဖွဲ့များမှ ရန်ပုံငွေတိုးပွားရန် အတွက်ကာတိုချေးငွေအနည်းငယ်မျှသာ ရှိပါသည်။ ချေးယူရသောငွေကြေးများကို တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်၌သာ အသုံးပြုသူများပြီး ကျန်းမာရေး၊ ပညာရေး၊ ရိက္ခာအတွက်လည်း အသုံးပြုသူအနည်းငယ်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၄ခုနှစ်မှစ၍ ပုံစံ(၇)ရှိသောတောင်သူများကိုသာ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးခြင်းကြောင့် အချို့ပုံစံ(၇)မရှိသောတောင်သူများမှာ ချေးငွေမရရှိပါ။ ဘဏ်ချေးငွေအား တောင်သူလယ်သမားများသို့ အချိန်မီ ထုတ်ချေးနိုင်မည်ဆိုပါက စျေးကွက်ဝင်ဒီးန့်များ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး စျေးကောင်းရရှိသည်အထိ သိုလှောင်ထားနိုင်မည်ဖြစ်ပါသည်။

(စ) **ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကြံသာကျေးရွာတွင် အလယ်တန်းကျောင်းခွဲသာရှိပြီး စာသင်ကျောင်း၌ စာသင်ဆောင်များ၊ ပရိဘောဂများ မလုံလောက်ပါ။ အလယ်တန်းကျောင်းခွဲအဆင့်မှ အစိုးရအလယ်တန်းကျောင်းအဆင့်သို့ လိုချင်ကြသည်။ လက်ရှိမှာ ကျောင်းဆောင်သုံးဆောင်ရှိပြီး စာသင်ကျောင်းဆောင်တစ်ဆောင်သည် ဟောင်းနွမ်းပျက်စီးလျှက်ရှိပါသည်။ ကျောင်းတွင် မူကြိုကျောင်းကိုလည်းတွဲဖက်ဖွင့်လှစ်ထားပြီး စာသင်ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ပညာရေးတွင် အလယ်တန်းအ

ဆင့်သို့ရောက်ရှိသော ကျောင်းသူ/သားအချို့သည် ငွေကြေးအခက်အခဲ၊ စားဝတ်နေရေးအခက်အခဲများကြောင့် ကျောင်းဆက်လက်နေထိုင်နိုင်ခြင်းမရှိသူများလည်း အနည်းငယ်ရှိပါသည်။

ကျန်းမာရေးအနေဖြင့် ကျေးရွာနှင့် (၃)မိုင်ကွာဝေးသော တင်သားတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရသည့် အတွက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၏ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများအတွက် များစွာအားနည်းလျက်ရှိပါသည်။ ထို့ကြောင့် မိမိတို့ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်နိုင်ရေးအတွက် ကျေးရွာသူ/သားများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုပါသည်။

ကြံသာကျေးရွာတွင် လက်ရှိအချိန်၌ သောက်သုံးရေလုံလောက်စွာရရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို ချောင်းရေနှင့်မိုးရေကို အဓိကထားစိုက်ပျိုးပါသည်။ မိုးရာသီတွင်ရေလုံလောက်မှုရှိသော်လည်း အခြားအချိန်များတွင် ရေလုံလောက်မှုမရှိပါ။

ကျန်းမာသန့်ရှင်းရေးအနေဖြင့် နေအိမ်တိုင်း မိမိတို့၏အိမ်ပတ်ဝန်းကျင်သန့်ရှင်းရေးအား မိမိကိုယ်တိုင်လုပ်ဆောင်ကြပြီး အိမ်နောက်ဖေးတွင် အမှိုက်ကျင်းများထားရှိပါသည်။ အိမ်ထောင်စုများအားလုံး ယင်လုံအိမ်သာများသုံးစွဲကြပါသည်။

(ဆ) **လူငယ်နှင့်ယဉ်ကျေးမှု**

ရိုးရာဝတ်စုံများနှင့် ရိုးရာဓလေ့အကများကို မြတ်နိုးကြပါသည်။ စာပေယဉ်ကျေးမှုများအား ထိန်းသိမ်းမှုအားကောင်းပါသည်။ လူငယ်ရိုးရာယဉ်ကျေးမှုအကများလည်းရှိပါသည်။ ကျေးရွာတွင်နေထိုင်သော လူငယ်အချို့သည် ပြည်ပနိုင်ငံသို့သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ ဆက်သွယ်ရေးလိုင်းမှာ သင့်တင့်ကောင်းမွန်မှုရှိပြီး လူငယ်များသည် အင်တာနက်အသုံးပြုခြင်း၊ ဂိမ်းကစားခြင်းများဖြင့် အချိန်ကုန်ဆုံးသူများလည်းရှိပါသည်။ ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိပါသည်။

(ဇ) **အခြေခံအဆောက်အဦး (လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)**

ကြံသာကျေးရွာသည် ကလေး-ဂန့်ဂေါလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအထူးကောင်းမွန်လျက်ရှိပါသည်။ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ အထူးကောင်းမွန်ပြီး မော်တော်ဆိုင်ကယ်များ၊ သုံးဘီးများ၊ လိုင်းကားများအသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင်နှင့် ဆိုလာများအဓိကအသုံးပြုကြပါသည်။ လျှပ်စစ်မီးသုံးစွဲနိုင်မှုမရှိသေးပါ။ ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပါသည်။ အင်တာနက်များဖုန်းလိုင်းများကောင်းမွန်သောကြောင့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်ပါသည်။ ဂျာနယ်သတင်းစာများလည်းဝယ်ယူဖတ်ရှုနိုင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ကြီးမားသောပြဿနာများ ဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၊ အုပ်ချုပ်ရေးခေါင်းဆောင်များ၏ ဆုံးမမှုများ၊ လူကြီးသူမများ၏ ကြီးကြပ်မှုများဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်းဖြစ်ပွားလေ့မရှိဘဲ တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ကျေးရွာတွင် ရဲစခန်းမရှိပါ။ ရာဇဝတ်မှုများ မရှိသလောက်ဖြစ်ပြီး ဖြစ်ပွားပါကလည်း မြောက်စည်းရဲစခန်းသို့ ဆက်သွယ်ကြပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ကောင်းများအဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကြံသာကျေးရွာသည် လယ်မြေဇကေ (၉၀၀)ကျော်ရှိပြီး မိုးရေနှင့်ချောင်းရေကို အဓိကထား စိုက်ပျိုးကြသည်။ ၎င်းအပြင် ယာဇကေ(၂၀၀)ကျော်ရှိပြီး အဓိကအားဖြင့် ပဲ၊ နှမ်း၊ နေကြာတို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဆိုင်ရာချေးငွေနှင့်ပတ်သက်၍ သမဦးစီးဌာန၊ စိုက်ပျိုးရေးဘဏ်နှင့် ပြင်ပချေးငွေများရရှိနိုင်သည်။ ကလေး–ဂန့်ဂေါလမ်းမကြီးဘေးတွင် တည်ရှိသည့်အတွက် သွင်းအားစုများနှင့်ပတ်သက်၍ လိုအပ်သော ပစ္စည်းများအား ကလေးမြို့မှ အလွယ်တကူ မှာယူရရှိနိုင်ပါသည်။ သီးနှံထုတ်ကုန်များအား ပွဲစားများထံသို့ လွတ်လပ်စွာရောင်းချနိုင်ပါသည်။

ကျွဲ၊နွားများကို လယ်ယာစိုက်ပျိုးရေးအတွက် အဓိကထားမွေးမြူကြသည်။ ကြက်နှင့်ဝက်များကို တစ်ပိုင်တစ်နိုင်စားသုံးရန်နှင့် ရောင်းချရန်အတွက်သာမွေးမြူကြသည်။ ဒေသနှင့်ကိုက်ညီသည့်ကြက်များအလွယ်တကူရရှိနိုင်ပြီး လွတ်လပ်စွာ ရောင်းချနိုင်ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအား လွယ်ကူစွာရရှိနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းသည် ဒေသဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

စိုက်ဘဏ်ချေးငွေကာလတိုတောင်းပြီး စိုက်ပျိုးချိန်အမှီ ချေးငွေမရရှိခြင်းသည် တောင်သူလယ်သမားများအတွက် အဟန့်အတားဖြစ်စေပါသည်။ လုပ်သားအင်အားရှားပါးခြင်းကလည်း လယ်ယာလုပ်ငန်းများအတွက် လုပ်အားခကြီးမြင့်သောပြဿနာများအနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးတစ်နှစ်စပ်လုံး လုံလောက်မှုမရှိခြင်း၊ ပိုးမွှားကျရောက်မှုအန္တရာယ်များလည်း ကြုံတွေ့ရပါသည်။ မွေးမြူရေးဆိုင်ရာချေးငွေများ မရရှိကြပေ။ အစိုးရဌာနများ၏ ချေးငွေဆိုင်ရာအစီအစဉ်များဖြင့် ချေးငွေရရှိအောင်ဆောင်ရွက်ပေးပါက မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများ တိုးတက်မှုများရှိနိုင်သည်။ မွေးမြူရေးဆိုင်ရာ ဗဟုသုတများထောက်ပံ့ပေးမည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့

ဖြစ်စေမည်။ လျှပ်စစ်မီးနှင့်ပတ်သက်၍ မဟာဓါတ်အားလိုင်းရရှိမှုမရှိပါ။ ဆိုလာစနစ်ကို အဓိကအသုံးပြုကြပြီး မိုးရာသီတွင် နေရောင်ရရှိမှုနည်း၍ ဆိုလာမီးလုံလောက်မှုမရှိပါ။ လျှပ်စစ်မီးမရရှိသည့်အတွက် လျှပ်စစ်နှင့်ပတ်သက်သော အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးတွင် နှောင့်နှေးမှုများဖြစ်ပေါ်စေပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ အခြေခံဝန်ဆောင်မှုများအားလုံး ကျေးရွာတွင် လုံလောက်စွာရရှိနိုင်ရမည်။

(၂) ပညာရေးကဏ္ဍတွင်လည်း ကျောင်းသူ/သားများအား ပညာသင်ကြားရာ၌ လုံခြုံစိတ်ချစွာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပညာများသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။

(၃) ကျေးရွာတွင်းနှင့်ကျေးရွာပြင်ပရှိ ကုန်ထုတ်လမ်းများအား ကောင်းမွန်လာရေး၊ အခက်အခဲမရှိသွားလာ ဆက်သွယ်နိုင်ရေး၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားမည်။

(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအား ရှာဖွေခြင်းနှင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်မှုနည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

စိုက်ပျိုးမွေးမြူရေးနှင့် ကျေးရွာအသေးစားလုပ်ငန်းများနှင့် ချေးငွေများရရှိနိုင်ရန် ငွေကြေးဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာများ၊ ဘဏ်များနှင့် ချိတ်ဆက်၍ ချေးငွေချေးယူမည့်ကျေးရွာသူ/သားများကိုစွမ်းဆောင်ရည်မြှင့်တင်ပေးရန် အသိပညာဗဟုသုတများ၊ တိုးပွားလာအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ကျေးရွာလူထုအများစုသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကမှီခိုအားထားကြသည့်အတွက် ဖျက်ပိုးများ ကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များမရရှိနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းကျဆင်းပြီး အမြတ်ရရှိမှုလျော့နည်းနိုင်သောကြောင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သောစိုက်ပျိုးရေးနည်းပညာများ၊ သွင်းအားစုများ ကူညီထောက်ပံ့ပေးခြင်းဖြင့် တောင်သူများအမြတ်ပိုမိုရရှိနိုင်ပါသည်။ ကျန်းမာရေးကဏ္ဍတွင် မိမိကျေးရွာ၌ အခြေခံကျန်းမာရေးဝန်ဆောင်များ ရရှိနိုင်အောင်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာနိုင်မည်ဖြစ်ပါသည်။

၇။ စီမံကိန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသောပန်းတိုင်ကိုရောက်ရှိရန် အကောင်အထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာစီမံချက် ကာလအတွင်း ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်ပါသည်။

(က) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်း အဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း

(ခခ) ကျေးရွာကုန်ထုတ်လမ်းအား သဲကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း

(ဂဂ) ကျေးရွာအတွင်းရှိလမ်းဘေးမြောင်းများ ပြုပြင်ခြင်း

(ဃဃ) အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း

(ငင) မဟာဓါတ်အားလိုင်းမှ မီးရရှိရေးဆောင်ရွက်ခြင်း

(စစ) စာသင်ကျောင်းဝန်းခြံကာရံခြင်း

(ဆဆ) ကျေးရွာအုပ်ချုပ်ရေးမှူရုံးဆောက်လုပ်ခြင်း

(ဇဇ) ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားသည် လုပ်ငန်းစတင်ရန်နှင့် ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသော ဦးစားပေးစီမံချက်များ၏ နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်ဖြစ်သည်-

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၁	✓				
ကျေးရွာကုန်ထုတ်လမ်းအား သဲကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း	၂		✓			
ကျေးရွာအတွင်းရှိလမ်းဘေးမြောင်းများ ပြုပြင်ခြင်း	၃			✓		
အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၄				✓	
မဟာဓါတ်အားလိုင်းမှ မီးရရှိရေးဆောင်ရွက်ခြင်း	၅					✓

တင်သားကျေးရွာအုပ်စု၊ ကြံသာကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကီးမောင်	ဦးလောဟာကီး	၅/ကလထ(နိုင်)၁၃၈၅၂၀	၃၅	ဥက္ကဋ္ဌ	၀၉-၇၉၃၀၄၈၁၅၇
၂	ဦးနွဲ့လင်း	ဦးသိန်းအောင်	၅/ကလထ(နိုင်)၂၃၇၉၅၂	၃၀	အတွင်းရေးမှူး	၀၉-၈၉၆၉၈၅၅၅၆
၃	ဦးဖေလိန်းအောင်	ဦးကီးဖေလိန်း	၅/ကလထ(နိုင်)၂၄၀၁၆၂	၂၅	စာရင်းကိုင်	၀၉-၄၂၃၄၅၈၅၇
၄	ဦးသိန်းလှိုင်	ဦးသန်းအောင်	၅/ကလထ(နိုင်)၀၈၆၉၆၆	၄၆	ဘဏ္ဍာရေးမှူး	၀၉-၄၅၄၉၂၃၁၄
၅	ဦးအောင်အောင်	ဦးအောင်ဝင်း	၄/မတန(နိုင်)၀၂၀၀၁၆	၄၂	သေ့ကိုင်(၁)	၀၉-၂၅၄၅၆၄၉၈၇
၆	ဦးနေမျိုးလှိုင်	ဦးမောင်ကျန်	၅/ကလထ(နိုင်)၁၉၃၉၀၀	၃၂	သေ့ကိုင်(၂)	၀၉-၂၅၈၆၅၅၆၉၀
၇	ဦးကျန်ဌေး	ဦးတာမန်း	၅/ကလထ(နိုင်)၁၃၈၅၀၆	၃၈	အဖွဲ့ဝင်	၀၉-၇၉၁၀၇၅၇၈၇
၈	ဦးဂေဟာ	ဦးငိုင်းဂေ	၄/မတန(နိုင်)၀၀၈၁၃၆	၄၇	အဖွဲ့ဝင်	၀၉-၇၇၄၀၅၈၇၀၆
၉	ဒေါ်ငြိမ်းငြိမ်းနု	ဦးမောင်ကြံ	၅/ကလထ(နိုင်)၁၉၄၄၉၈	၂၈	အဖွဲ့ဝင်	၀၉-၂၅၁၀၃၉၃၇၄
၁၀	ဒေါအွမ်ပိုင်	ဦးချိုင်ဟာအွမ်	၅/ကလထ(နိုင်)၂၃၇၉၉၉	၂၅	အဖွဲ့ဝင်	၀၉-၄၄၁၄၇၂၄၁၀
၁၁	ဒေါမာမာထွေး	ဦးညီအောင်	-		အဖွဲ့ဝင်	၀၉-၂၅၁၇၇၆၂၁၄

ကြံသာကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေအနေ(ဖွံ့ဖြိုးရေးကွင်းဆက်)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ရပ်မိ/ရပ်ဖအဖွဲ့					
၁	သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်သည်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း	ကျေးရွာတွင် ဆေးပေးခန်း မရှိခြင်း	ကျေးရွာသူ/သားများမှ ကျန်းမာရေးအသိရှိခြင်း စည်းလုံးညီညွတ်မှုရှိခြင်း ပူးပေါင်းဆောင်ရွက်မှုအား ကောင်းခြင်း	ရန်ပုံငွေမလုံလောက်ခြင်းကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း	ကျန်းမာရေးဌာနသို့တင်ပြတောင်းခံ၍ကျေးရွာမှလိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခြင်း	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း
၂	ရွာတွင်းလမ်းများမကောင်းခြင်း၊မိုးရာသီတွင်ရေဝပ်၍ သွားလာရန် ခက်ခဲခြင်း ရေစီးရေလာမကောင်း၍ သန့်ရှင်းမှုအားနည်းခြင်း	ကျေးရွာလမ်း ဘေးဝဲယာတွင် ရေနုတ်မြောင်း များရှိခြင်း	ကျေးရွာစည်းလုံးညီညွတ်မှုရှိခြင်း၊ လုပ်အားများ ပါဝင်ကူညီနိုင်ခြင်း	ဦးဆောင်မည့်သူ မရှိခြင်းနှင့် ရန်ပုံငွေအားနည်းခြင်း	ရွာလုံးကျွတ်ကျန်းမာသန့်ရှင်းရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရန်ပုံငွေများရှာဖွေစုဆောင်းကာလမ်းဘေးရေမြောင်းများ	ကျေးရွာတွင်းရှိလမ်းဘေးမြောင်းများ ပြုပြင်ခြင်း

					ပြုပြင်ဆောင်ရွက်ခြင်း	
	တောင်သူအဖွဲ့					
၃	သီးနှံများသယ်ယူပို့ဆောင်ရေးခက်ခြင်းလယ်ယာမြေသို့သွားရာလမ်းကြမ်းတမ်းခြင်း	ကုန်ထုတ်လမ်းမကောင်းခြင်းနှင့် မြေသားလမ်းဖြစ်၍မိုးတွင်းတွင် ရွံ့ထူခြင်း	ကျေးရွာပြည်သူများမှပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊တောင်သူဦးရေများပြားခြင်း	ရန်ပုံငွေနှင့် နည်းပညာအားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍နည်းပညာများရယူကာလိုအပ်သောရန်ပုံငွေများရှာဖွေခြင်း	ကျေးရွာကုန်ထုတ်လမ်းအားသဲကျောက်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း
	အမျိုးသမီးအဖွဲ့					
၄	ကလေးလူငယ်များပညာသင်ကြားရာတွင်လုံခြုံစိတ်ချရမှုမရှိခြင်း	စာသင်ကျောင်းဝန်းမလုံခြုံခြင်း	ကျောင်းကော်မတီရှိခြင်း ကျေးရွာမှ ရန်ပုံငွေထည့်ဝင်လိုစိတ်ရှိခြင်း	ကျေးရွာမှ ဆင်းရဲသည့်အတွက် ရန်ပုံငွေမလုံလောက်ခြင်း	ကျောင်းကော်မတီမှဦးဆောင်၍ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ကျေးရွာမှလိုအပ်သည်များပူးပေါင်းကာကွယ်ခြင်း	စာသင်ကျောင်းဝန်းခြံစည်းရိုးကာရံခြင်း
	စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့					
၅	လူနေမှုအဆင့်အတန်းနိမ့်ကျခြင်း၊ ဖွံ့ဖြိုးရေးနောက်ကျခြင်း	လျှပ်စစ်မီးမရှိခြင်း ကြောင့်အလုပ်အကိုင်အခွင့်အလမ်း	ကျေးရွာမှ စည်းလုံးညီညွတ်စွာအကောင်အထည်ဖော်ဆောင်ရွက်လိုစိတ်	နည်းပညာနှင့်ရန်ပုံငွေများမသိရှိ/ မရှိခြင်း၊ကူညီ	လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍လိုအပ်သည်များပူးပေါင်းကူညီ၍ အကူအညီများ	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း

		ရှားပါးခြင်း	ရှိခြင်း	ထောက်ပံ့မှုများ စွာလိုအပ်ခြင်း	တင်ပြတောင်းခံခြင်း	
၆	အုပ်ချုပ်ရေးပိုင်းတွင်လူစုစည်းရန်အားနည်းခြင်း၊ ခက်ခဲမှုရှိခြင်း	အုပ်ချုပ်ရေးမှူးရုံးမရှိခြင်း	ကျေးရွာအုပ်ချုပ်ရေးမှူးဆောက်လုပ်ရန်ရွာသူ/သားများအားလုံးစည်းလုံးညီညွတ်မှုရှိခြင်း၊ဆောက်ရွက်လိုအစိတ်ရှိခြင်း	ရန်ပုံငွေမရှိခြင်း၊ ဆောင်ရွက်မည့် နည်းလမ်းများသိရှိမှုအားနည်းခြင်း	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြ၍ လမ်းညွှန်ချက်များအား ပူးပေါင်းဆောင်ရွက်ခြင်း	ကျေးရွာအုပ်ချုပ်ရေးရုံးဆောက်လုပ်ခြင်း
	လူငယ်အဖွဲ့					
၇	ဖွံ့ဖြိုးရေးလုပ်ငန်းများပြုလုပ်ရာတွင် ခက်ခဲခြင်း လူထုအစည်းအဝေးများပြုလုပ်ရာတွင်ခက်ခဲခြင်း	ဘက်စုံသုံးကျေးရွာခန်းမဆောင်မရှိခြင်း	ကျေးရွာစည်းလုံးညီညွတ်မှုရှိ၍ ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေရှိခြင်း	ရန်ပုံငွေမရှိခြင်း	လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲ၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများရှာဖွေစုဆောင်းကောက်ခံခြင်း	ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း
၈	ပညာသင်ကြားရာတွင် နေရာခက်ခဲခြင်း	စာသင်ကျောင်းဆောင်ပျက်စီးယို	ကျောင်းကော်မတီအသင်းများရှိခြင်း၊	ရန်ပုံငွေမရှိခြင်း၊ ချိတ်ဆက်ဆောင်	ပညာရေးဌာနသို့ တင်ပြတောင်းခံခြင်း	ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

	လုံခြုံစိတ်ချရမှုမရှိခြင်း	ယွင်းခြင်း၊ လုံလောက်မှု မရှိခြင်း	ညီညွတ်မှုရှိခြင်း	ရွက်နိုင်မှုအားနည်း ခြင်း		

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၂၀	၃၇
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၅၀	၃၃	၈၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇၅	၆၄	၁၃၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆၈	၅၇	၁၂၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၆	၄၁၈	၈၃၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၅	၂၂	၄၇
စုစုပေါင်း		၆၅၁	၆၁၄	၁၂၆၅
စုစုပေါင်း အိမ်ထောင်စု				၂၇၃

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။အလုပ်လုပ်နိုင်သောအရေအတွက်မှာများပီး သက်ကြီးရွယ်အို အနည်း ငယ်ရှိပါသည်။ ကလေးသူငယ်များမှအရွယ်အလိုက် ကျောင်းတက်မှုကောင်းမွန်ပါသည်။ လူဦးရေ ကျား/မအချိုးညီမျှပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃၅	၃၁၇	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၃၈	၂၇၂	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □ □□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ(၁၃၅)စုရှိပြီး မိသားစုဝင်လုပ်အား(၃၁၇) ဦးရှိပါသည်။အလုပ်သမား/ဝန်ထမ်းဦးရေမှာ အိမ်ထောင်စု (၁၃၈)စုနှင် မိသားစုဝင်လုပ်အားမှာ (၂၇၂)ဦးရှိပါသည်။ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကထား လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓာန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၅၀၀၀	၃၅၀၀
